
လုံးချင်းဝတ္ထုသစ်
ပန်းသီခိုင်
ယိမ်းနွဲ့နွဲ့ ချစ်သံစဉ်

'မာယာစီးချင်း'ဝတ္ထုထဲက Juice နဲ့ Jelly အကြောင်းတွေဆက်ပြီး ဖတ်ချင်လိုက်တာလို့ဆိုသူ တွေအားလုံးအတွက် အခုသည်ဝတ္ထုကလေးကို ရေးဖြစ်သွားတာပါ။

စာဖတ်ပရိသတ်အားလုံး ရွှင်လန်းချမ်းမြေ့ပါစေ....

**စာရေးသူ**

* * *

Star On Line ပေါ်က ဇာတ်လိုက်တွေနဲ့အရင်ဦးဆုံး မိတ်ဆက်ပေးပါရစေနော်

Juice (Chatting Name) ပါ။

အမည်ရင်းက မိုးတလူအောင်...

Jelly (Chatting Name) ပါ။

နာမည်အရင်းက လမင်းလင်းလက်သော်တာ (သို့မဟုတ်)

ယမင်း

Candy က ချိုသောမြူ (ခေါ်) ရွှေစင်..

Ice Cream က မှူးနှင်းဆီ...

ပြီးတော့ Cake က ရူပါရုံတဲ့။

* * *

ခေါင်းလောင်းကြိုးဆွဲသံ တဒင်ဒင်တဒေါင်ဒေါင် ကြားရသောအခါ ဂရန်တာတွင် ဂတ္တူစာအုပ် ကို သဲကြီးမဲကြီးအငမ်းမရ ဖတ်နေသော Ice Cream (အိုက်စ်ကရင်မ်)ခေါ် မှုူးနှင်းဆီက မျက်မှန်တစ် လက်နှင့် ငုံ့ကြည့်ပါသည်။

'ဟဲ့.. ဂျယ်လီ 'လင်းလက်သော်တာလမင်း' အောက်မှာ နင့်သူငယ်ချင်းတွေ ခေါ်နေတယ်'

ဟု ဧည့်ခန်းကို လှမ်းပြောပါသည်။

ဧည့်ခန်းမှာ ဂျယ်လီနှင့် Candy (ကန်ဒီ) 'ချိုသောမြူ'က နှစ်ယောက်တည်းနှင့် အာရုံများနေကြ တာ။ ဂျယ်လီက သီချင်းဖွင့်ပြီး ရှေ့တိုးလိုက်။ နောက်ဆုတ်လိုက်၊ ကလိုက်နှင့် ကန်ဒီက အဲဒါကို အမ်ပီ ဖိုးနှင့် မိမိရရ ရိုက်ပေးနေပြီး ပြန်ကြည့်လိုက်၊ ဟားလိုက်နှင့်…။

အိမ်မှာ လူကြီးတွေမရှိကြပါ။

ဖိုးဖိုးက ဆိုင်သွားပြီး ဦးလေး၊ ဒေါ်ဒေါ်ငယ်နှင့် သမီးလေးက မြို့ထဲ Shopping ထွက်နေသည်။

ဟိုဘက်လှေကား၊ ဟိုဘက်ကပ်လျက်တိုက်မှာတော့ ဒေါ်ဒေါ်အကြီးနှင့်ဦးလေး ရှိနေပါသည်။

'ငါ ဖယ်ရီကိစ္စ ပြောထားတာဟဲ့၊ အဲဒါ လာပြောတာဖြစ်မယ်'

‘ဆင်းတွေ့လိုက်လေ’

ဂျယ်လီက တတ်ထားသောမျက်မှန်နက်ကို ကပျာကယာဖယ်သည်။ မျက်မှန်ကို စားပွဲပေါ်ချ ကာ ပြေးဆင်းသွားရင်း ကန်ဒီက ဂရန်တာထွက်လာသည်။

အိုက်စ်ခရင်မ်နှင့် နှစ်ယောက်အောက်ကို ငုံ့ကြည့်၏ ။

‘ကျောင်းတွေ ဖွင့်တော့မယ်’

‘အင်းလေ’

‘နင်ရော.. ဖယ်ရီ ပြောပြီးပြီလား’

‘ပြောထားတယ်’

‘နင်တို့ကျောင်းတက်ရင် ငါပျင်းနေမှာ’

‘နင်လည်း တက်ရမှာပဲ’

သူမတို့နှစ်ယောက်က လမ်းမပေါ်ရပ်ပြီး စကားပြောနေသော ဂျယ်လီတို့သူငယ်ချင်းတစ်စုကို ငေးနေ၏ ။

အိုက်စ်ကရင်မ်ရယ်၊ ဂျယ်လီရယ်၊ ကန်ဒီရယ် သုံးယောက်က အဒေါ်တွေနှင့်လာနေပြီး ကျောင်း တက်နေကြသော ညီအစ်မဂမ်းကွဲ သူငယ်ချင်းတွေပါ။

သည်ဘက်အိမ်မှာနေပြီး ဟိုဘက်အိမ် ညာဘက်သွားအိပ်နေသည်။

ညနေ ရေသွားချိုးသည်။ နှစ်ခန်းစလုံးမှာ အဆင်ပြေသလို နေနေကြတာ။

သည်ဘက်ခန်းမှာ သူမတို့အတွက် နေရာကျယ်ကျယ်ဝန်းဝန်းမရှိပါ။

‘ဟဲ့.. ဂျယ်လီ့သူငယ်ချင်း (.... ) လှတယ်နော်’

‘အင်း.. အရပ်အရှည်ကြီးပဲ၊ လေယာဉ်မယ်လုပ်တာမဟုတ်ဘူး၊ အသားလေးလည်း ဖြူတယ်’

‘အင်း..ဂျယ်လီနဲ့ ဘယ်သူလှလဲ’

‘ဒါကတော့ဟယ်.. ကိုယ့်ငါးချဉ်ကိုယ်ချဉ်ရမှာပေါ့၊ တို့ဂျယ်လီလေးက ပိုလှတယ်၊ ချစ်စရာလေး’

‘နင့်ကို ခုနကော်ဖီတိုက်လို့ မဟုတ်လား’

နှစ်ယောက်သား ဝါးကနဲ ရယ်မိကြ၏ ။

ဂျယ်လီက အသားလည်းဖြူသည်။ အရပ်ကလည်း ရှည်သည်။ ကိုယ်လုံးကလေးက နုံးညံ့ သွယ်လျသည်။ မျက်နှာကလေးက ချစ်စရာအပြုံးနှင့် ဂျယ်လီကိုမြင်သူတိုင်းက ခင်မင်သဘောကျကြပါသည်။ ဂျယ်လီက ချစ်မွေးပါသည်။

‘ကန်ဒီ ဟိုမှာကြည့်စမ်း.. လက်ဖက်ရည်ဆိုင်က ကောင်လေး ဂျယ်လီ့ကိုငေးနေတာ၊ မျက်စိ ကျွတ်ကျတော့မယ်’

‘ဟုတ်လား’

သူမတို့က ဂရန်တာကနေ အားလုံးမြင်နေရသည်။

‘တီရှပ်အမည်းကလေးနဲ့ မဟုတ်လား’

‘အင်း.. ရုပ်ကလည်း ဆိုးလိုက်တာ’

သူမတို့အတင်းပြောပြီး ရယ်နေကြ၏ ။

‘ဂျယ်လီနဲ့လိုက်ပါတယ်’

‘အေး.. ဟုတ်တယ်၊ သူတို့တွဲသွားရင် ကုသနဲ့ပပပဲ၊ မြင်သူအံ့ဩမယ်’

‘ဂျယ်လီကြားရင် ငါတို့ကို ထုမှာ’

ဂျယ်လီက သူ့သူငယ်ချင်းကောင်မလေးတွေနှင့် စကားကောင်းနေတုန်း။

အိုက်စ်ကရင်မ်ကလည်း ငှားထားသော ဂတ္တူကလေးကို အချိန်းလေးရှိခိုက် ဇိမ်ကလေးနှင့် ဖတ်ဖို့အားခဲနေတုန်း..ညဆို ညပို့ရမှာ၊ ပြီးအောင် ဖတ်မှ

ကန်ဒီက သူရိုက်ထားသော အမ်ပီဖိုးထဲက ဂျယ်လို့ပုံတွေကိုပြန်ကြည့်နေတုန်း..

လက်ဖက်ရည်ဆိုင်က ရုပ်ဆိုးဆိုးကောင်လေးကလည်း ဂျယ်လို့ကိုသတိလက်လွတ်ကြီး ငေးမောစိုက်ကြည့်နေတုန်း...

ဂျယ်လီကတော့ သူငယ်ချင်းတွေနှင့်စကားပြောနေပါသည်။ ကိုယ်လေးသိမ့်ခါအောင် ရယ်ပါသည်။ ပွင့်လင်းဖြူစင်ရိုးသားသော ဂျယ်လို့မှာ မာန်မာနမရှိ၊ မာယာပရိယာမရှိ၊ အပြစ်ကင်းသန့်စင် လွန်းလှသည်။

ဂျယ်လီက စကားပြောနေရင်း ဂရန်တာကို တစ်ချက်မော့ကြည့်သည်။ နှစ်ယောက်စလုံး ဂရန် တာမှာမရှိ၊ ဘယ်ရောက်သွားပါလိမ့်။

'ဂျယ်လီ..'

'ဟင်'

'နင့်ကိုဆက်ရင် ဒီဘက်အိမ်က ဖုန်းလား၊ ဟိုဘက်အိမ်ကဖုန်းလား၊ ဘယ်ဖုန်း ဆက်ရမှာလဲ'

သူငယ်ချင်းတွေက မေးလာ၏ ။ နှစ်ခန်းစလုံးနေတော့ နှစ်ခန်းစလုံး ဆက်မှရမှာပါ။ တစ်ခုမရ တစ်ခုပေ့ါ။

*

‘အိုက်စ်ကရင်မ် ငါ ပျင်းတယ်ဟာ၊ ဘာလုပ်ရင်ကောင်းမလဲ၊ သြော်.. သိပြီ၊ သီချင်းခွေကြည့် မယ်၊ ဘရစ်တနီစပီးယားအခွေရှိတယ်’

‘ငါ့သူငယ်ချင်းကို ခွေငှားထားတယ်’

တီဗွီရှေ့ရောက်သွားသော ဂျယ်လီကို အိုက်စ်ကရမ်က လှမ်းပြောလိုက်သည်။

ဂျယ်လီက စိတ်ပျက်လက်ပျက်နှင့် ခုံမှာလာပြန်ထိုင်သည်။

ဒီဘက်အိမ်ကို ရောက်လာတိုင်း ဂျယ်လီတို့မှာ လုပ်စရာတကယ်လည်း ရှားပါးသွားသည်။

ဂျယ်လီက စားပွဲပေါ်မှာတင်ထားသော ဖုန်းအဖြူရောင်လေးဆီ အကြည့်ရောက်သွားသည်။

‘ဟဲ့.. အိုက်စ်ကရင်မ် ငါတို့ ဖုန်းသရဲလုပ်ရင် မကောင်းဘူးလား’

‘ကြောင်တယ်ဟာ’

‘နင်ကလဲဟာ… ဘာဖြစ်လဲ’

‘သြော်..ဟဲ့ ဖုန်းသရဲလုပ်ချင်ရင် ငါလူတစ်ယောက်ဖုန်းနံပါတ်ရှိတယ်၊ ဖုန်းဆက်ပြီး နောက် မလား’

‘နင့်အသိလား၊ ကောင်းပ့ါမလားဟယ်’

ဘာမဆို အတွေးလွန်တတ်သော ဂျယ်လီက ပြောလိုက်သည်။

‘ကောင်းပါတယ်.. ဘာဖြစ်လို့လဲ၊ ငါ့သူငယ်ချင်းပဲ၊ အင်း. .အရင်တုန်းကပေ့ါ’

‘ဟဲ့.. ဘာတွေကောင်းနေတာလဲ၊ ငါ့ကိုလည်း ပြောဦး’

ကော်ဖီခွက်ကိုင်ပြီး နောက်ဖေးက ထွက်လာသော ကန်ဒီက မေးလိုက်သည်။

‘ကန်ဒီ ဒီမှာလေ၊ အိုက်စ်ကရင်မ်က သူ့သူငယ်ချင်းကို နောက်မလားတဲ့၊ ဘယ်လိုလဲ’

‘ကောင်းတာပေ့ါ… နောက်လား’

ကန်ဒီက စပ်စုလိုက်သည်။

‘အရမ်းနောတယ်’

‘တကယ်လား.. ပြော နံပါတ်၊ ငါ ဆက်တော့မယ်’

ဘာမဆို စပ်စပ်စုစု သွက်သွက်လက်လက်ရှိသော ကန်ဒီက ဖုန်းနားတောင် ရောက်နေပြီ။

‘ဟဲ့.. ခဏနေပါဦး၊ အိုက်စ်ကရင်မ်က သူငယ်ချင်းဆိုတော့ သူမှန်းသိသွားရင် ကောင်းပ့ါမလား၊ ပြီးတော့ ငါတို့ကို ဖုန်းရော ပြောပ့ါမလား၊ ချသွားရင် ဘယ်လိုလုပ်မလဲ’

‘အဲဒါတော့ စိတ်ချ… သူ လုံးဝ အဲဒီ လိုမလုပ်ဘူး၊ ဘာမှမတွေးနဲ့တော့ဟာ။ ဆက်လိုက်တော့ ကန်ဒီ ဖုန်း နံ ပါတ်’

‘ဟဲ့.. ဟဲ့ ဖုန်းမြည်နေပြီ’

‘ကန်ဒီ နင် မတရားမလုပ်နဲ့ ပြန်ချပြီး စပီကာဖွင့်လိုက်’

တစ်ယောက်တည်းပြောဖို့လုပ်နေသော ကန်ဒီ မို ဂျယ်လီက ပြောလိုက်သည်။

‘အေးပါဟာ..နင်ကလည်း’

‘တီ.. တီ’

သူမတို့သုံးယောက်လုံး ဖုန်းမြည်သံကို ကောင်းစွာကြားနေရသည်။

'မြည်နေပြီဟဲ့'

ပထမဆုံး ကိုယ်မသိတဲ့လူကိုဖုန်းစဆက်ပြီး နောက်တာဆိုတော့

စိတ်လှုပ်ရှားနေကြသည်။

'ဟဲလို'

ပထမဆုံးတည်ငြိမ်သောအသံကို ကြားလိုက်ကြရသည်။

'ဟဲ့.. ဖုန်းကိုင်နေပြီ၊ ပြောလိုက်လေ..'

လေသံလေးနှင့် အိုက်စ်ကရင်မ်က တိုက်တွန်းသောကြောင့် ဂျယ်လီက ကြောက်ကြောက်နှင့် ပြောလိုက်ရသည်။

'ဟဲလို.. ဟို ဂျူဆီလားမသိဘူး'

'ဟုတ်ပါတယ်… Juice ပါ။ ဘယ်သူလဲ မသိဘူး'

ဂျယ်လီက ရုတ်တရက် တိတ်သွားသည်။ ကန်ဒီနဲ့ အိုက်စ်ကရင်မ်ကို အကူအညီတောင်းသလို ကြည့်လိုက်သည်။

'…. ပါ'

ကန်ဒီက ဝင်ဖြေလိုက်သည်။ အိုက်စ်ကရင်မ်ကတော့ အသံမှတ်မိသွားမှာစိုးလို့ ဝင်မပြောပါ။

'ဘာ.. မကြားရဘူး၊ ယမင်း ဟုတ်လား'

ကန်ဒီရဲ့ ပေါက်ကရနာမည်ကို သူက မကြားပါ၊ နားကြားလွဲသွားသည်။

'အင်း.. ဟုတ်တယ်.. ဟုတ်တယ်.. ယမင်း'

ဂျယ်လီနဲ့ ကန်ဒီကလည်း ချောလဲရောထိုင်နှင့် ယမင်းပဲလုပ်လိုက်သည်။

‘ဟို..ဘာကိစ္စရှိလို့လဲ မသိဘူး’

‘အခု ဘာလုပ်နေတာလဲ’

‘အဲဒါ ကိစ္စလား.. ကျွန်တော် အခု ဆိုင်သိမ်းနေတာ’

‘တီတီ.. တီ.. တီ’

‘ဟဲ့.. ဘာဖြစ်သွားတာလဲ။ ချလိုက်တာလား’

‘ဟုတ်မှာပေ့ါ.. မရဘူးဟာ.. ပြန်ခေါ်မယ်’

သူမတို့သုံးယောက် မကျေမနပ်ပြောရင်း Repat ခလုတ်ကိုနှိပ်လိုက်သည်။

‘ဟဲလို’

‘juice ဘာလို့ဖုန်းချတာလဲ’

‘ကျွန်တော် ဆိုင်သိမ်းနေလို့၊ အလုပ်ရှုပ်နေလို့’

‘ဟုတ်လား.. အခုပြီးပြီလား’

‘အင်း.. ပြီးပြီ’

‘ပြောလို့ရတယ်ပေ့ါ’

‘ရပါတယ်’

အင်း.. မဆိုးပါဘူး၊ အိုက်စ်ကရင်မ်က သူငယ်ချင်းက သဘောကောင်းတယ် ပြောလို့ရတယ်ဆို တော့မှ ရုတ်တရက်ဘာပြောရမလဲ မသိတော့ပါ။

‘ဟို.. အခုနက ဆိုင်သိမ်းနေတယ်ဆိုတာ ဘာဆိုင်လဲဟင်’

‘ပေါင်မုန့်ဆိုင်’

‘ဟား ဟား ဟား… ပေါင်မုန့်ဆိုင်ဟုတ်လား’

‘အင်း.. ဟုတ်တယ်၊ ပေါင်မုန့်ဆိုင်’

သူက ပြောနေတော့..

ကန်ဒီနဲ့ ဂျယ်လီက အိုက်စ်ကရင်မ်ကို လှမ်းကြည့်လိုက်သည်။

အိုက်စ်ကရင်မ်က မျက်နှာရှုံ့ပြီး လက်ခါပြသည်။ နောက်နေတာဟု ပါးစပ်လှုပ်ရုံ ပြောသည်။

‘ပေါင်မုန့်ဆိုင်မှာ ဘာလုပ်တာလဲ’

‘ဒီလိုပဲပေါ့.. အမှိုက်လှည်းတာတို့၊ တောက်တိုမယ်ရလုပ်ရတာ ပေါ့’

‘ယမင်းတို့ကို နောက်နေတာမှတ်လား’

ဂျယ်လီက အသေအချာပြောလိုက်သည်။

‘ဟုတ်တယ်.. တကယ်ပေါင်မုန့်ဆိုင်’

‘ယမင်းတို့ကို ညာလို့မရဘူးနော်၊ ယမင်းတို့က Juice အကြောင်း အားလုံးသိတယ်’

ဂျယ်လီနဲ့ ကန်ဒီက အတည်နှင့်ရှီးလိုက်သည်။

‘ဟုတ်လား.. ဘယ်လိုသိတာလဲ’

အိုက်စ်ကရင်မ် သူငယ်ချင်းဆိုတော့ သူ့ကိုယ်သူ သိပ်အထင်ကြီးနေလောက်ပြီ၊ ကန်ဒီနဲ့ ဂျယ် လီက ကြိတ်ရယ်ပြီး..

အိုက်စ်ကရင်မ် ဆီ လှမ်းကြည့်လိုက်သည်။

အိုက်စ်ကရင်မ်က

‘သူငယ်ချင်းတစ်ယောက်ဆီကလို့ပြော’

ဟု တိုးတိုးလေးပြောလိုက်သည်။

‘သူငယ်ချင်းတစ်ယောက်ဆီက’

ဂျယ်လီနဲ့ ကန်ဒီနှစ်ယောက်လုံး သံပြိုင်ပြောလိုက်မိသည်။

‘အခု အဲဒါ ဘယ်နှယောက် ပြောနေတာလဲ’

‘နှစ်ယောက်လေ… ယမင်းတို့က ညီအစ်မ နှစ်ယောက်၊ အမြွှာတွေလေ’

ဂျယ်လီက ပေါက်ကရတွေ အမြန်ဖြေရှင်းလိုက်သည်။

‘ဩော်.. အမြွှာတွေလား၊ ဘယ်မှာနေတာလဲ’

‘အိမ်မှာပေါ့’

‘ကျွန်တော့်ကို သိလို့လား’

‘သိတာပေါ့… သိလို့ ခင်ချင်လို့ ဖုန်းဆက်လိုက်တာ။ ရတယ်မှတ်လား’

‘ရပါတယ်’

‘ယမင်းတို့ကို ခင်လား’

‘ခင်ပါတယ်’

‘အဲဒါဆို သူငယ်ချင်းဖြစ်သွားပြီနော်’

‘သူငယ်ချင်းဆိုတာ နာမည်ပြောရတယ်လေ’

‘ဟင်.. ပြောပြီးပြီလေ’

‘မဟုတ်ဘူးလေ.. နာမည်အရင်းကို ပြောတာ’

‘ဘာလုပ်မှာလဲ.. အဲဒါက အရေးမကြီးပါဘူး’

‘ယမင်းရယ်… နောက်တစ်ယောက်နာမည် ကျန်သေးတယ်၊ နာမည် နောက်တစ်ခု ပေးဦးလေ’

‘ဟား.. ဟား.. နောက်တစ်ခုပေးရမှာလား၊ မသိဘူးလေ’

‘ဩော်... သိပြီ၊ ရွှေစင်... တစ်ယောက်က ယမင်း၊ တစ်ယောက်က ရွှေစင်၊ မှတ်မိတယ်နော်’

‘ဩော်.. ဟုတ်ကဲ့.. ဟုတ်ကဲ့’

ကန်ဒီနဲ့ ဂျယ်လီက ပြောစရာ စဉ်းစားမရတော့လို့ ခဏတိတ်သွားသည်။

‘ဟဲ့.. အခုန ဘာလို့ဖုန်းကိုချလိုက်တာလဲလို့မေး’

အိုက်စ်ကရင်မ်က တိုးတိုးလေးပြောသည်။

‘အခုနက ဘာလို့ဖုန်းချလိုက်တာလဲဟင်’

ကန်ဒီက မေးလိုက်သည်။

‘အခုနက အလုပ်ရှုပ်နေလို့’

‘ဟုတ်လား.. အဲဒါဆို ဖုန်းချရင် ဒါပဲနော်လို့ ပြောရတယ်မသိဘူးလား’

ဂျယ်လီက ဝင်ပြောလိုက်သည်။

‘ဩော်..’

Juice က တိုးတိုးလေးရယ်လိုက်သည်။

‘နောက်တစ်ခါကျရင် ပြောမယ်နော်’

‘အင်း.. ပြောရမှာပေါ့၊ ဘာလို့ရယ်တာလဲဟင်’

‘ဒါပဲနော်လို့ပြောရင် သူငယ်ချင်းတစ်ယောက်ကို သတိရလို့ပါ’

‘သူငယ်ချင်းလား’

‘ဟုတ်ပါတယ်.. သူငယ်ချင်း၊ ဘာဖြစ်လို့လဲ’

‘မသိပါဘူး.. ရည်းစားတွေဘာတွေများလားလို့’

‘မဟုတ်ပါဘူး.. ရည်းစားမရှိဘူး’

‘ဟုတ်လို့လား.. သေချာလား’

‘ဟုတ်ပါတယ်’

‘မဟုတ်ဘူးနော်.. ရည်းစားရှိတယ် မှတ်လား’

ကန်ဒီနဲ့ဂျယ်လီက အိုက်စ်ကရင်မ် ခေါင်းခါပြသောကြောင့် မဟုတ်ဘူးဆိုသည့်သဘောနှင့် အသေအချာငြင်းလိုက်သည်။

‘အခု မရှိတော့ပါဘူး’

‘ဘယ်ရောက်သွားတာလဲ’

‘ပျောက်သွားပြီ’

‘ဟား.. ဟား ပျောက်သွားတယ် လူဆိုတာ ပျောက်တတ်လို့လား’

ဂျယ်လီတို့ရယ်လိုက်သည်။ သူ့စကားက ရယ်ရသည်။

‘ပြတ်သွားတာလား.. ဘယ်သူက စဖြတ်တာလဲ’

‘သူက စဖြတ်တာ’

‘ဟုတ်လား.. အရမ်းခံစားရလား’

‘သူ့ကိုသတိရလား၊ ချစ်သေးလား’

ကန်ဒီနဲ့ဂျယ်လီက သူ့ဆီက သတိမရတော့ဘူး၊ မချစ်တော့ဘူးဆိုတာကိုပဲ ကြားချင်မိတယ်။

‘ပထမတော့ သတိရတယ်၊ နောက်တော့လည်း မေ့ထားလိုက်တယ်၊ ဟုတ်တယ်လေ.. ကိုယ် က ချစ်နေသေးရင် ကိုယ်ကပဲ ခံစားနေရမှာ’

‘ဟုတ်တာပေါ့နော်’

ကန်ဒီနဲ့ ဂျယ်လီက သူ့စကားကို ထောက်ခံလိုက်သည်။

'အဲဒါဆို အခု ကောင်မလေး မရှိဘူးပေ့ါ'

'အင်း.. မရှိဘူး'

'အဲဒါဆို ရှာပေးမယ်လေ'

'ရပါတယ်ဗျာ'

'ဘာဖြစ်လို့လဲ၊ ယမင်းတို့ သူငယ်ချင်းတွေက အရမ်းချောတာနော်'

'ရပါတယ်.. ယမင်းတို့ ရှာပေးတဲ့ကောင်မလေးကို ချစ်သွားရင် ဘယ်လိုလုပ်မလဲ'

'ဘာဖြစ်လဲ.. ယူလိုက်ပေ့ါ'

'ဘယ်ဖြစ်မလဲ..အိမ်ကပေးစားတာလည်း ယူရမယ်၊ ကိုယ်ကြိုက်တာလည်း ယူရမယ်၊ ယမင်း တို့ သူငယ်ချင်းကိုလည်း ယူရမယ်ဆိုတော့ သုံးယောက်တောင် ဖြစ်နေမှာပေ့ါ'

'ဘာဖြစ်လဲ.. သုံးယောက် မကောင်းဘူးလား'

'မကောင်းဘူး'

'မိတ်ဆက်ပေးမယ်လေ.. နာမည်အရင်ပြောပြထားမယ်၊ ဘယ်လိုလဲ'

'မပြောပါနဲ့.. ရပါတယ်'

'မရဘူး.. ပြောပြမယ်နော်'

'အင်း.. ပြောလေ'

Juice က Jelly နဲ့ ကန်ဒီကို လက်လျှော့သွားသည်။

Juice က ဘာတွေပြောနေလဲ မသိပါ.. စကားသံတွေ ကြားရသည်။

ဂျယ်လီနဲ့ ကန်ဒီက သူတို့ဖုန်းကို ကိုင်ထားပြီး တခြားလူတွေနဲ့ စကားပြောနေသောကြောင့် ပွစိပွစိ လုပ်နေသည်။

'ဟဲလို.. ဟဲလို.. ဟဲလို'

'ဩော်.. ဟုတ်ကဲ့'

'ဘာတွေပြောနေတာလဲ'

'သူငယ်ချင်းတွေကို ပြောနေတာ'

'ဟုတ်လား.. ဖုန်းပြောရတာ ညောင်းနေပြီထင်တယ်'

'အင်း..ဟုတ်တယ်၊ ဖုန်းကိုင်ထားတာ လက်ညောင်းနေပြီ'

'အဲဒါဆို.. ဒါပဲနော်'

'ဟုတ်ကဲ့.. ဟုတ်ကဲ့'

သူက ရယ်သံနှင့် ပြောသည်။

'ဟုတ်ကဲ့.. ဟုတ်ကဲ့၊ နောက်နေ့မှ ဆက်လိုက်မယ်'

ကန်ဒီနဲ့ ဂျယ်လီက ရွတ်နောက်နောက်ပြောရင်း ဖုန်းချလိုက်သည်။

'ဟဲ့.. သူနဲ့ဖုန်းပြောရတာ ပျော်ဖို့ကောင်းတယ်နော်'

ဂျယ်က စပြောလိုက်သည်။

'အသံလေးကတော့ နားထောင်လို့ကောင်းတယ်၊ အိုက်စ်ကရင်မ် တကယ်တော့ ချောပါတယ် နော်'

'ချောတာပေါ့.. ငါ့သူငယ်ချင်းကို နင်တို့မြင်ရင် ကြွေသွားမယ်'

'အိုက်စ်ကရင်မ် ငါတို့ နောက်နေ့လည်းဆက်မယ်နော်၊ ငါတော့ သူ့ကိုခင်သွားပြီ'

‘ဟုတ်တယ်.. ငါရောပဲ’

ကန်ဒီစကားကို ဂျယ်လီက ထောက်ခံလိုက်သည်။

‘ကဲ ကဲ နင်တို့လုပ်စရာရှိတာ လုပ်ကြတော့’

‘ဟုတ်ပါ့ပါဟယ်.. ငါတို့ရေတောင်မချိုးရသေးဘူး’

‘ခြောက်နာရီတောင်ခွဲနေပြီ ဂျယ်လီ၊ အိုက်စ်ကရင်မ် ကတော့ ချိုးပြီးပြီ၊ ငါတို့နှစ်ယောက် အတူတူချိုးမှ ရတော့မယ်’

‘နောက်ကျရင် ဆူမှာနော်၊ မြန်မြန်လုပ်’

အိုက်စ်ကရင်မ်က သတိပေးရင်း သူသိပ်ကြိုက်သော ဂရန်တာ ထွက်သွားသည်။

ဂျယ်လီနဲ့ ကန်ဒီက အဝတ်တွေကို ဂရန်းသုန်းကာဖွပြီး အမြန်ရှာနေသည်။

ဂျယ်လီကတော့ တွေ့တဲ့အဝတ်တွေ ကောက်ယူပြီး ရေချိုးခန်းထဲ အမြန်ဝင်သွားသည်။

ဇီဇာကြောင်သော ကန်ဒီကတော့ အဝတ်ကို သေချာရွေးနေသည်။

‘ဂျယ်လီ ငါလာပြီ၊ တံခါးဖွင့်’

ဂျယ်လီနဲ့ကန်ဒီက ကြပ်ကြပ်သပ်သပ်နဲ့ ရေချိုးခန်းထဲမှာ အတူတူဝင်ချိုးလိုက်ရသည်။

‘Juice က ခင်ဖို့ကောင်းတယ်နော်၊ စိတ်ကောင်းရှိတဲ့ပုံပဲ’

‘ဟုတ်တယ်နော်.. ဂျယ်လီ၊ ငါတော့ သူ့အသံလေးကို ကြိုက်တယ်’

ဂျယ်လီနဲ့ကန်ဒီက ရေချိုးနေတဲ့ တစ်ချိန်လုံး သူ့အကြောင်းပဲ ပြောနေမိကြသည်။

*

‘ဟာ.. ဟဲ့.. ဂျယ်လီကိုကြည့်စမ်း၊ တစ်ယောက်တည်းပြုံးနေတယ်’

ဖယ်ရီကားပေါ်မှာ တစ်ယောက်တည်းအပြင်ကိုကြည့်ပြီး ပြုံးနေသော ဂျယ်လီကို သူမ သူငယ်ချင်းက လှမ်းပြောလိုက်သည်။

‘ဟာ.. ဟုတ်ပ၊ ဂျယ်လီ ဘာဖြစ်နေတာလဲ၊ ဘာမှလည်း မတွေ့ဘူး’

သူမ သူငယ်ချင်းက အပြင်ကိုလှမ်းကြည့်ရင်း ပြောလိုက်၏ ။

‘ဘာမှမဟုတ်ပါဘူး၊ ငါ့ဘာသာငါ တွေးပြီး ပြုံးနေတာ’

‘ဘာတွေတွေးနေတာလဲ’

‘ဘာလို့ပြောပြရမှာလဲ’

‘ဟဲ့.. ဂျယ်လီကို ကြည့်ရတာ ခုတလော ပျော်နေသလိုပဲနော်ဟဲ့’

အရှေ့ခုံမှာ ထိုင်နေသော သူငယ်ချင်းက လှမ်းပြောလိုက်သည်။

‘ဟုတ်တယ်.. ငါ ခုတလော ပျော်နေတယ်၊ အင်း .. ငါးနာရီ ခြောက်နာရီလောက်ဆို ပိုပျော် တယ်’

‘ဟုတ်လား.. ဘာဖြစ်လို့လဲ’

‘မပြောပြပါဘူးဆိုမှ..’

သိချင်စွာမေးသော သူမ သူငယ်ချင်းနှစ်ယောက်ကို သူမ မပြောပြပါ။

‘ဂျယ်လီ မြေနီကုန်းရောက်တော့မယ်၊ ရှေ့မှတ်တိုင်ဆိုရောက်ပြီ၊ သိပ်ပျော်နေတာနဲ့ မေ့သွားဦး မယ်’

ဟယ်.. ဟုတ်ပါရဲ့၊ သူတို့ပြောမှ သတိရတယ်..။

ဂျယ်လီက ကျောပိုးအိတ်လေးလွယ်၊ ချိုင့်လေးကိုင်ပြီး ရှေ့ကိုထွက်ထားနှင့်လိုက်သည်။

‘တာ့တာ. .သွားပြီ’

ဂျယ်လီက သူမ သူငယ်ချင်းတွေကိုနှုတ်ဆက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။

အင်း.. အိမ်ရောက်ရင် အဝတ်လဲမယ်၊ ဟိုဘက်အိမ်သွားမယ်၊ ပြီးတော့.. Juice နဲ့ တွေ့ရမယ် .....။

*

‘ဂျယ်လီ သူ့ကိုသတိရတယ်၊ နင်ရော သတိရမဘူးလား’

ကျောင်းက ပြန်လာပြီး ရေသောက်နေသော ဂျယ်လီကို ကန်ဒီက အဆက်အစပ်မရှိဘဲ ပြောလိုက်သည်။

‘ဘာကိုလဲ.. Juice ကိုလား၊ ငါလည်း သတိရတယ်’

‘ဟဲ့.. ငါတို့ ဟုတ်ကောဟုတ်ရဲ့လား၊ သူနဲ့ပတ်သက်လို့ ဘာမှမသိတဲ့အပြင် သူ့ကိုတောင် မတွေ့ဖူးဘူး။ အဲဒီ လူကို ငါတို့သတိရနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား’

ကန်ဒီက တွေးစစ ပြောလာ၏ ။

'မသိဘူးဟာ.. ငါတော့ သူနဲ့ပြောရတာ ပျော်တယ်၊ ဆက်ပြောချင်တယ်၊ အိုက်စ်ကရင်မ် ပြန် မလာသေးဘူးလား'

'အေး..မလာသေးဘူး၊ ငါလည်း သူ့ကိုစောင့်နေတာ၊ Juice အကြောင်းမေးဖို့လေ'

အိုက်စ်ကရင်မ်ကိုတစ်ခါမှ သတိတရမစောင့်ဘူးသော ကန်ဒီနဲ့ဂျယ်လီက ဒီနေ့တော့ ဂရန်တာ ထွက်ပြီး အိုက်စ်ကရင်မ်ကိုမျှော်နေသည်။

'ဟယ်...ငါတို့ရဲ့ Cubit Ice-cream လာပြီ ကန်ဒီ'

ကန်ဒီက တံခါးသွားဖွင့်သည်။

'အိုက်စ်ကရင်မ် လာ ပြောစရာရှိတယ်'

ကန်ဒီက အိုက်စ်ကရင်မ်ကို ဂရန်တာ ခေါ်လာသည်။

'ငါတို့ကို Juice အကြောင်းပြောပြ'

'အမလေးဟဲ့.. အရေးတကြီး ဘာများလဲလို့၊ အဲလောက်တောင်ဖြစ်နေကြပြီလား၊ ငါ့သူငယ် ချင်းကို'

'ဟုတ်တယ်ဟာ.. သွားမယ်လေ ဟိုဘက်အိမ်ကို၊ ဟိုရောက်မှပြော'

'ဟဲ့.. ဟဲ့ ခဏနေဦး၊ ဒီနေ့တော့ မရဘူး'

'ဘာဖြစ်လို့လဲ'

'ဒီနေ့ ၁၁ ရက်နေ့ ၁ လပိုင်း... ရဲလေးမွေးနေ့လေ၊ ကရဝိတ်မှာ ရှိုးပွဲရှိတယ်၊ သွားမယ်လေ'

'ဟာ.. ဟုတ်သားပဲ၊ ရပါတယ်ဟာ.. နောက်နေ့မှပေ့ါ၊ ဒီနေ့တော့ ကရဝိတ်သွားမယ်'

'ဟဲ့.. မြန်မြန် ပြင်ဆင်လေ၊ မှောင်တော့မယ်'

အိုက်စ်ကရင်မ်က အကြီးပီပီ ပြောလိုက်သည်။

‘ကရဝိတ်တောင် မရောက်တာကြာပြီ၊ ကန်ဒီ နင်နဲ့ငါနဲ့ ဆော့ကြမယ်နော်၊ ဘောင်းဘီပဲ ဝတ်… ဂါဝန်တွေ စကတ်တွေ မဝတ်နဲ့’

ဂျယ်လီက ပြောလိုက်သည်။

ဂျယ်လီနဲ့ကန်ဒီက ကရဝိတ်ရောက်တိုင်း ကလေးကစားကွင်းထဲမှာ သွားဆော့ကြသည်။ အိုက်စ်ကရင်မ်ကတော့ သိပ်ဝါသနာမပါ။

ကလေးတွေ ဆော့တဲ့ဟာကို လျှောက်ဆော့ပြီး Security ဦးလေးကြီးတွေလာရင် ဆင်းပြေး တာလည်း ပျော်ဖို့ကောင်းသည်။

ဂျယ်လီ၊ ကန်ဒီနဲ့ အိုက်စ်ကရင်မ်တို့သည် ရှူးတွေအပြည့်နှင့် လှေကားကပြေးဆင်းပြီး ကရဝိတ် သို့ ထွက်လာခဲ့ကြသည်။

*

‘လူတွေကလည်း များလိုက်တာနော်’

‘Free Show ဆိုတော့ များတာပေါ့’

သူမတို့သုံးယောက် မျှော်စင်ကျွန်းရှိရာသို့ လျှောက်လာခဲ့ကြသည်။

Toilet ရှေ့ရောက်တော့ ဂျယ်လီက

‘ဟဲ့ ခဏနေဦး။ ငါ ဝင်လိုက်ဦးမယ်’

‘အေး.. သွားလေ’

‘နင်တို့ရော ဝင်မှာလား’

‘ဝင်မှာပေါ့’

ကန်ဒီက ပြောသည်။

‘ငါ မလိုက်တော့ဘူး’

ဟုပြောပြီး အိုက်စ်ကရင်မ်က အပြင်ကစောင့်နေသည်။

ဂျယ်လီနဲ့ကန်ဒီ ပြန်ထွက်လာတော့ အိုက်စ်ကရင်မ်က သူမတို့ဆီကို ပြောစရာရှိပုံနှင့် လျှောက် လာသည်။

‘ဂျယ်လီတို့ ငါအခုနက ဘယ်သူ့ကိုတွေ့လဲ သိလား’

‘ဘယ်သူလဲ’

‘Juice ကိုလေ’

‘ဟယ်..တကယ်လား။ ဘယ်ရောက်သွားပြီလဲ’

Juice ကို အရမ်းတွေ့ဖူးချင်နေသော ဂျယ်လီက မေးလိုက်သည်။

‘မရှိတော့ဘူး’

‘ဟာ.. နင်ကလည်း။ နင့်သူငယ်ချင်းပဲ၊ ဘာလို့ မခေါ်လိုက်တာလဲ’

‘ငါလည်း အနောက်ကပဲ တွေ့တာ၊ လူများမှာစိုးလို့ မခေါ်တာ။ ဒါပေမဲ့ သူမှသူ သေချာပါတယ်။ အနောက်က တွေ့တာနဲ့ မှတ်မိတယ်’

‘ဘာအရောင်အကျႌ ဝတ်ထားတာလဲ’

‘အညိုရောင် အကန့်အစင်းလေးတွေနဲ့အကျႌ’

‘အရှေ့နားမှာ သွားရှာကြည့်ရအောင်၊ ဒီဘက်သွားတာလား’

‘အေး.. ဟုတ်တယ်၊ အဲဒီ ဘက်..’

ဂျယ်လီနဲ့ကန်ဒီတို့က သူတို့ကို သိပ်လွှမ်းမိုးနိုင်သော Juice ကို

တွေ့ဖူးချင်နေကြပေမယ့် ရေ စက်ကမဆုံပါ။

‘မတွေ့ဘူးဟဲ့.. သွားရအောင်၊ ရေစက်ရှိရင် တစ်နေ့နေ့တော့ တွေ့ရမှာပါ’

ဂျယ်လီက ကန်ဒီကိုရော၊ သူမကိုယ်သူမရော အားပေးရင်း ပြောလိုက်သည်။

*